# ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

office@crphmyanmar.org


ရက်စွဲ။ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်

## ကုလသမဂ္ဂအရည်အချင်းစစ်ကော်မတီ၏ ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ သဘောထားထုတ်ပြန်ချက်

၁။ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂစိစစ်ရေးကော်မတီ၌ အကြမ်းဖက်မြန်မာစစ်ကောင်စီက အမည်စာရင်းတင်သွင်းထားသည့် ကိုယ်စားလှယ်အား ကုလသမဂ္ဂတွင် မြန်မာနိုင်ငံကိုယ်စားပြုခွင့်မပြုကြောင်း ဆုံးဖြတ်ချက်ကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီအနေဖြင့် ဝမ်းမြောက်စွာဖြင့် ကြိုဆိုပါသည်။ ကော်မတီဥက္ကဋ္ဌ ဆီဒင်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ သံအမတ်ကြီး Mrs. Anna Karin Enestrom နှင့် ကော်မတီ အဖွဲ့ဝင်များအား မြန်မာပြည်သူများကိုယ်စား များစွာကျေးဇူးတင်ရှိပါသည်။

၂။ မြန်မာနိုင်ငံ၌ စစ်ကောင်စီတပ်များ၏ အကြမ်းဖက်လုပ်ရပ်များရပ်တန့်ရေး အပါအဝင် စစ်အာဏာရှင်များအပြီးတိုင်း ကျဆုံးရေးနှင့် ဒီမိုကရေစီ ပြန်လည်ရရှိရေးတို့အတွက် ကမ္ဘာ့နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ စစ်ကောင်စီအပေါ် ထိရောက်သည့် နိုင်ငံရေး၊ စီးပွားရေးနှင့် သံတမန်ရေးပိတ်ဆို့မှုများသည် အရေးပါသည့် ကူညီဆောင်ရွက်မှုများ ဖြစ်ပါသည်။

၃။ ထို့ပြင် မြန်မာပြည်သူများ၏ ကြီးမားသော မျှော်လင့်ချက်နှင့် ဆန္ဒသဘောထားများအရ ကော်မတီ၏ ဆုံးဖြတ်ချက်အား ၇၆ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၌ အတည်ပြုနိုင်ရေး ဆက်လက်ကူညီပေးရန် အဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းတောင်းဆိုပါသည်။ ယခုကဲ့သို့ ခက်ခဲသည့် အချိန်တွင် မြန်မာပြည်သူတို့နှင့်အတူ ရပ်တည်ပြီး ပြည်သူလူထုကိုယ်စားပြုနေသည့် သံအမတ်ကြီး ဦးကျော်မိုးထွန်းအား ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်အဖြစ် ဆက်လက်ထားရှိနိုင်ရေး ရပ်တည်ပေးရန် တောင်းဆိုပါသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ